**ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ**

**မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန**

**ဝန်ကြီးရုံး**

**(တိရစ္ဆာန်များတွင် ဖြစ်ပွားတတ်သောစာရင်းဝင်ကူးစက်ရောဂါများအဖြစ် ဖြည့်စွက်သတ်မှတ်ကြေညာခြင်း)**

**အမိန့်ကြော်ငြာစာအမှတ် ၁၉/ ၂၀၁၄**

**ရန်ကုန်မြို့၊ ၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၄ ရက်**

**(၂၀၁၄ ခုနှစ်၊ မတ်လ ၉ ရက်)**

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနသည် တိရစ္ဆာန်ကျန်းမာရေးနှင့်ဖွံ့ဖြိုးရေးဥပဒေ ပုဒ်မ ၃၃၊ ပုဒ်မခွဲ (ခ) နှင့် ပုဒ်မ ၁၄ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ တိရစ္ဆာန်များတွင် ဖြစ်ပွားတတ်သော အောက်ပါရောဂါများကို ဤအမိန့် ကြော်ငြာစာ ထုတ်ပြန်သည့်နေ့မှစ၍ စာရင်းဝင်ကူးစက်ရောဂါများအဖြစ် ဖြည့်စွက်သတ်မှတ်ကြေညာလိုက်သည်။

၁။ **(က) စာရင်းဝင်ကူးစက်ရောဂါများ**

| အမှတ်စဉ် | ရောဂါအမည် | ဖြစ်ပွားတတ်သော တိရစ္ဆာန် |
|---|---|---|
| ၁။ | ပြင်းထန်သောကြက်ငှက် တုပ်ကွေးရောဂါ (Highly Pathogenic Avian Influenza) | ကြက်ငှက်မျိုးနွယ်များ |

၂။ **(ခ) စာရင်းဝင်ကူးစက်ရောဂါများ**

| အမှတ်စဉ် | ရောဂါအမည် | ဖြစ်ပွားတတ်သော တိရစ္ဆာန် |
|---|---|---|
| ၁။ | နွားရူးရောဂါ (Bovine Spongiform Encephalopathy) | နွား |

ပုံ/-

(ဗိုလ်မှူးချုပ်မောင်မောင်သိမ်း)

ဝန်ကြီး

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန

Myanmar Law Information System (MLIS)